ကျွမ်းကျင်

# [အရေးကြီး] စာမေးပွဲဖြေဆိုမည့်ရက်တွင် သတိပြုရမည့်အချက်များ

## ၁။ အဝတ်လဲခြင်းနှင့်ပတ်သက်၍

စာမေးပွဲကြီးကြပ်အရာရှိထံမှ ညွှန်ကြားချက်မရှိမချင်း အဝတ်မလဲပါနှင့်။
OTAFFမှ သတ်မှတ်ထားသောနေရာတွင် လုပ်ငန်းသုံးဝတ်စုံ အင်္ကျီနှင့် ဘောင်းဘီကိုဝတ်ဆင်၍ လုပ်ငန်းသုံးဝတ်စုံ၏အထဲတွင် တီရှပ်အင်္ကျီကိုဝတ်ဆင်ပါ။ (ဦးထုပ်သည် စာမေးပွဲမေးခွန်းပုစ္ဆာတစ်ခုအပါအဝင် ဖြစ်သည့်အတွက် နောက်မှ ဝတ်ဆင်ရပါမည်။)

## ၂။ အဖိုးတန်ပစ္စည်းများထိန်းသိမ်းခြင်းနှင့်ပတ်သက်၍

**လက်ဝတ်တန်ဆာများ ချွတ်ခြင်း**

လက်ဝတ်တန်ဆာပစ္စည်းအားလုံးကိုချွတ်၍ အိတ်ထဲတွင်ထည့်သိမ်းထားပါ။




**အဖိုးတန်ပစ္စည်းများကို ထိန်းသိမ်းခြင်း**

အဖိုးတန်ပစ္စည်းများကို မိမိကိုယ်တိုင်ထိန်းသိမ်းရမည်။ ပစ္စည်း မေ့ကျန်ခြင်း၊ ကျပျောက်ခြင်းမရှိစေရန် သတိထားပါ။



**အိတ်ကပ်များအား ဗလာအတိုင်းထားပါ**

အိတ်ကပ်များထဲတွင် မည်သည့်ပစ္စည်းမျှ မထည့်ထားပါနှင့်။



## ၃။ စာဖြေဆောင်အတွင်း သတိပြုဖွယ်အချက်များ

**ကျင့်ဝတ်**

စာဖြေဆောင်၊ စာမေးပွဲခန်းမတွင် စကားစမြည်မပြောရ။ ဘေးပတ်ဝန်းကျင်အား အနှောင့်အယှက်ဖြစ်စေမည့် အပြုအမူများ မလုပ်ဆောင်ရ။

**လျှပ်စစ်ပစ္စည်းများအား ပါဝါပိတ်ထားခြင်း**

စမတ်ဖုန်းစသည့် လျှပ်စစ်ပစ္စည်းများအား ပါဝါပိတ်ထားပြီး၊ အိတ်ထဲသို့ထည့်သိမ်းထားပါ။




**ဓာတ်ပုံဗီဒီယိုမရိုက်ရ**

စာဖြေဆောင်၊ စာမေးပွဲခန်းမတွင် ဓာတ်ပုံ၊ ဗီဒီယိုရိုက်ခြင်း တားမြစ်သည်။
*လိုက်ပါပို့ဆောင်ပေးသူလည်း တားမြစ်သည်။



**သန့်စင်ခန်းအသုံးပြုခြင်း**

သန့်စင်ခန်းတွင်အဝတ်လဲခြင်း၊ စားသောက်ခြင်းအား တားမြစ်သည်။



# [အရေးကြီး] စာမေးပွဲဖြေဆိုမည့်ရက်တွင် သတိပြုရမည့်အချက်များ


ကျွမ်းကျင်

## ၄။ လက်ခံကောင်တာနှင့်ပတ်သက်၍

**ကာယကံရှင် စစ်ဆေးခြင်း** မျက်နှာစစ်ဆေးရန်အတွက် နှာခေါင်းစည်း၊ မျက်မှန်တို့အား ချွတ်ရပါမည်။




**လက်ပေါ်ရေးချခြင်း** ကူးရေးထားခြင်းရှိမရှိကို လက်ဖဝါးများအား စစ်ဆေးပါမည်။



## ၅။ မေးခွန်းလွှာစာရွက်ပေါ်သို့ အမည်စသည်တို့ရေးသားခြင်းနှင့်ပတ်သက်၍

*ထိုနေ့တွင်ဝေမည့်မေးခွန်းလွှာသည် အားလုံးဂျပန်ဘာသာဖြင့်ရေးသားထားပါမည်။




စာဖြေဆိုသည့်ရက်အား စာမေးပွဲခန်းထဲရှိ ကျောက်သင်ပုန်းကို ကြည့်၍ရေးသားပါ။ စာမေးပွဲဖြေဆိုခွင့်နံပါတ်၊ အမည်တို့အား စာမေးပွဲဖြေဆိုခွင့်ကတ်ပြားအား ကြည့်၍ရေးပါ။




# [အရေးကြီး] စာမေးပွဲဖြေဆိုမည့်ရက်တွင် သတိပြုရမည့်အချက်များ

## ၆။ ရေးဖြေစာမေးပွဲ ဖြေဆိုနည်းနှင့်ပတ်သက်၍

(၁) မေးခွန်းလွှာဝေပါက ညွှန်ကြားချက်မရှိမချင်း ဖွင့်မကြည့်ပါနှင့်။

(၂) ညွှန်ကြားလာပါက မေးခွန်းစာရွက်ကိုဖွင့်၍ တစ်ဝက်ခေါက်ပါ။

(၃) ကျောဖက်မေးခွန်းအားဖြေဆိုစဉ်တွင်လည်း မေးခွန်းစာရွက်အား တစ်ဝက်ခါက်ထားပါ။




(၄) ပြီးဆုံးပါက မျက်နှာဖုံးစာရွက်အား အပေါ်တွင်ထားပါ။ စာမေးပွဲကြီးကြပ်သူမှ မေးခွန်းလွှာအား သိမ်းဆည်းပါမည်။

### အဖြေလွှာရေးသားနည်း

**★学科試験（がっかしけん）**

မှန်သည်ဟုထင်သောအဖြေကိုရွေးချယ်၍ နံပါတ်ကိုရေးပါ။

ဥပမာ） 1. ပန်းသီး　2. ငှက်ပျောသီး　3. လိမ္မော်သီး

解答欄（かいとうらん）: **1**

**★実技判断等試験（じつぎ はんだんとうしけん）**

မှန်သည်ဟုထင်သောအဖြေကိုရွေးချယ်၍ အက္ခရာကိုရေးပါ။

ဥပမာ） A. ပန်းသီး　B. ငှက်ပျောသီး　C. လိမ္မော်သီး

解答欄（かいとうらん）: **A**

**★実技計画立案等試験（じつぎ けいかくりつあんとうしけん）**

မှန်သည်ဟုထင်သောအဖြေကိုရွေးချယ်၍ အက္ခရာကိုရေးပါ။

ဥပမာ） A. ၁၀ခု　B. အခု၁၀၀　C. အခု၁၀၀၀

解答欄（かいとうらん）: **A**

*ဤစာမေးပွဲတွင် ဂဏန်းပေါင်းစက်အသုံးပြုနိုင်သည်။

*မေးခွန်းလွှာ၏နေရာလွတ်နှင့် ကျောဖက်များတွင် တွက်ချက်နည်းအား ချရေးနိုင်သည်။ မေးခွန်းလွှာမှလွဲ၍ အခြားတွင် မရေးပါနှင့်။ ရေးထားသည့်တွက်ချက်နည်းအား ပြန်ဖျက်ရန်မလိုအပ်ပါ။

## ၇။製作等作業試験（せいさくとうさぎょうしけん）ဖြေဆိုပုံနှင့်ပတ်သက်၍

(၁) ငှားပေးထားသည့်ပစ္စည်းများအားရှင်းလင်းခြင်း၊ အခြားသောစာမေးပွဲဆိုင်ရာများနှင့်ပတ်သက်၍ရှင်းပြပါမည်။

(၂) စာမေးပွဲကြီးကြပ်သူမှ “Hajimetekudasai (စတင်ပါ)” ဟု ပြောပါလိမ့်မည်။

(၃) မေးခွန်းလွှာ “လုပ်ငန်းလက်စွဲ（作業手順書（さぎょうてじゅんしょ））”ကိုကြည့်ရင်း ချက်ပြုတ်ခြင်းကိုဆက်လက်လုပ်ဆောင်ပါ။

(၄) စာမေးပွဲပြီးဆုံးပါက ငှားပေးထားသည့်ပစ္စည်းများအား စာမေးပွဲကြီးကြပ်သူထံ သေချာပြန်လည် အပ်နှံပါ။


# [အရေးကြီး] စာမေးပွဲဖြေဆိုမည့်ရက်တွင် သတိပြုရမည့်အချက်များ

ကျွမ်းကျင်

## ၈။ မမှန်မကန်ပြုလုပ်ခြင်းနှင့် ပတ်သက်၍


**အောက်ပါအပြုအမူများအား စစ်ဆေးတွေ့ရှိပါက အရှုံး(စာမေးပွဲကျ)ဟု သတ်မှတ်ပါမည်။ ကောင်းစွာသတိပြုဆင်ခြင်ပါ။**

### စာခိုးချခြင်း မပြုရ




အခြားသောသူ၏ အဖြေများကို မကြည့်ရပါ။

### မပြောပြရ၊ ပြောပြတာကိုလက်မခံရ





ဘေးပတ်ဝန်းကျင်မှလူအား အဖြေပြောပြခြင်း၊ ကူညီခြင်းများ မပြုလုပ်ရ။

### စကားမပြောရ




တစ်ကိုတည်း ရေရွတ်ခြင်း၊ ဘေးပတ်ဝန်းကျင်မှ လူများနှင့် စကားပြောခြင်း မပြုရပါ။

### ခွင့်ပြုချက်မရှိ ထိုင်ခုံမှထ ထွက်မသွားရ



ထိုင်ခုံမှထွက်သွားချင်ပါက လက်ကိုမြှောက်၍ စာမေးပွဲခန်းကြီးကြပ်သူအား အသိပေးပါ။

### သယ်ထုတ်သွားခြင်း၊ ကူးယူခြင်း မပြုရ




မေးခွန်းနှင့်အဖြေများအား သယ်ထုတ်သွားခြင်း၊ စာဖြေဆိုခွင့်ကတ်ပြားနှင့် လက်များပေါ်တွင်ကူးရေးခြင်းမပြုရ။

### မှတ်စုစာအုပ်အား မကြည့်ရ



စာမေးပွဲဖြေဆိုစဉ် ဖတ်စာအုပ်နှင့် မှတ်စုများအား မကြည့်ရပါ။

**စာမေးပွဲမစတင်မီဖြစ်သော်လည်း စာဖြေဆိုခွင့်ကတ်ပြားနှင့် လက်များပေါ်တွင် စာလုံးများနှင့် ဂဏန်းများ ရေးသားခြင်းရှိပါက မမှန်မကန်ပြုလုပ်ခြင်းဟုယူဆပါမည်။ ကောင်းစွာ သတိပြုဆင်ခြင်ပါ။**

## ၉။ စာဖြေဆိုစဉ် သတိပြုရမည့်အချက်များ

### နေထိုင်မကောင်းဖြစ်ပါက



နေထိုင်မကောင်းဟုခံစားရပါက လက်ကိုမြှောက်၍ စာမေးပွဲခန်းကြီးကြပ်သူအား အသိပေးပါ။

### ငလျင်၊ မီးလောင်ခြင်းစသည့် ဘေးအန္တရာယ် ကြုံတွေ့ရပါက



စာမေးပွဲကြီးကြပ်သူ၏ လမ်းညွှန်ချက်အားလိုက်နာ၍ ထွက်ပြေးပါ။